## လက်လီအရောင်းဆိုင်များရှိ သာမန်စားသုံးသူများထံသို့ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးသည့် နည်းလမ်း

### ○ ထုတ်ကုန်ပေါ်တွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို တိုက်ရိုက်ရေးသားခြင်းဖြင့် အသိပေးသည့်အခါ


・ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်ဖြစ်ပါက"ပြည်တွင်းတွင်ထုတ်လုပ်သည်" သို့မဟုတ် "ပြည်တွင်းထုတ်" စသဖြင့် ရေးရမည်။ (သို့သော် မြို့တော်နှင့် ခရိုင်များ၊ သာမန်အားဖြင့် လူသိများသော ဒေသအမည်များလည်း ရပါသည်။)
・ပြည်ပတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်ဖြစ်ပါက ထို"နိုင်ငံအမည်" ကို ရေးရမည်။

<တစ်စုတည်းဖော်ပြသည့် ထုတ်ကုန်အညွှန်းဇယားကော်လံတွင် ရေးသားပုံဥပမာ>

| 名　称 | 米　菓 |
|---|---|
| 原材料名 | うるち米(国産、○○国産、その他)、食塩、調味料(アミノ酸) |
| 内 容 量 | 10枚 |
| 賞味期限 | 枠外上部に記載 |
| 保存方法 | 開封前は直射日光、高温多湿を避けて保存してください。 |
| 製 造 者 | ○○製菓株式会社<br>○○県○○市○○1-1-1 |

မည်သည့်နေရာတွင်မဆို ရေးသားနိုင်ပါသည်

<တစ်စုတည်းဖော်ပြသည့် ထုတ်ကုန်အညွှန်းဇယားကော်လံ၏အောင်ပြင်ပတွင်ရေးသားပုံဥပမာ>





①ကုန်ကြမ်းပစ္စည်းများတွင် ပါဝင်မှု အချိုးအစား များရာမှ နည်းရာသို့ အစဉ်လိုက် ရေးသားရမည်။
② မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသမှာ 3 နိုင်ငံနှင့်အထက်ရှိပါက အများဆုံးအသုံးပြုသည့် 2 နိုင်ငံအထိသာ ရေးသားပြီး အခြားသော စိုက်ပျိုးထုတ်လုပ်သည့်ဒေသကို “အခြား” ဟု ရေးသားနိုင်သည်။

### ○ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို သိရှိနိုင်မည့် နည်းလမ်းဖြင့် အသိပေးသည့်အခါ


**အဓိကအချက်!** ဝက်ဘ်ဆိုက်မှတစ်ဆင့် အသိပေးသည့်အခါရှိ အဓိကအချက်

❶ ထုတ်ကုန်စသည်တို့တွင် ဝက်ဘ်ဆိုက်လိပ်စာကို ရေးသားရမည်။
❷ ထုတ်ကုန်ထုပ်ပိုးမှုပေါ်တွင် ဝက်ဘ်ဆိုက်ကို ချိတ်ဆက်ခြင်းဖြင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို ရယူနိုင်ကြောင်းကို ရေးသားရန် လိုအပ်သည်။
❸ ဝက်ဘ်ဆိုက်ပေါ် ရှိ အဆိုပါထုတ်ကုန်၏ ထုတ်လုပ်သည့်ရက်စွဲ၊ လော့နံပါတ် (Lot Number) စသည်တို့နှင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကြားရှိ ဆက်စပ်မှုကို စစ်ဆေးသိရှိနိုင်ရန် လုပ်ဆောင်ထားဖို့ လိုအပ်သည်။




**အဓိကအချက်!** တယ်လီဖုန်း စသည်တို့မှတစ်ဆင့် ဆက်သွယ်မေးမြန်းခြင်းဖြင့် အသိပေးသည့်အခါ အဓိကအချက်များ

❶ "ဖောက်သည်များဆွေးနွေးရန်ကောင်တာ၏ ဖုန်းနံပါတ်" ကို ထုတ်ကုန်စသည်တို့တွင် ရေးသားရမည်။
❷ အဆိုပါဖုန်းနံပါတ်သည် သာမန် ဖောက်သည်များဆွေးနွေးရန် ဖုန်းနံပါတ်မျှသာ မဟုတ်ဘဲ “မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို ရယူနိုင်ရန်အတွက်” စုံစမ်းမေးမြန်းရမည့် နေရာဖြစ်ကြောင်းကို ရေးသားရန် လိုအပ်သည်။




### ဆက်သွယ်မေးမြန်းရန်လိပ်စာ

（対応言語：日本語のみ（Japanese language support only））

| | | | | |
|---|---|---|---|---|
| **北海道農政事務所**<br>米穀流通·食品表示監視課<br>TEL : 0120-025-110 | **関東農政局**<br>米穀流通·食品表示監視課<br>TEL : 0120-087-110 | **東海農政局**<br>米穀流通·食品表示監視課<br>TEL : 0120-242-110 | **中国四国農政局**<br>米穀流通·食品表示監視課<br>TEL : 0120-558-110 | **内閣府沖縄総合事務局**<br>農林水産部消費・安全課<br>TEL : 098-866-1672 |
| **東北農政局**<br>米穀流通·食品表示監視課<br>TEL : 0120-796-110 | **北陸農政局**<br>米穀流通·食品表示監視課<br>TEL : 0120-646-110 | **近畿農政局**<br>米穀流通·食品表示監視課<br>TEL : 0120-317-142 | **九州農政局**<br>米穀流通·食品表示監視課<br>TEL : 0120-005-110 | **農林水産省消費・安全局**<br>米穀流通·食品表示監視室<br>TEL : 0120-714-110<br>（ガイダンス番号「3」） |

● စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို တင်ထားပါသည်။

URL http://www.maff.go.jp/j/syouan/keikaku/kome_toresa/index.html　米トレーサビリティ法　検 索

2026.08



Rice Traceability

# ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေ

"ဆန်စပါး အရောင်းအဝယ်များဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ခြင်းနှင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးခြင်းဆိုင်ရာ ဥပဒေ"

## ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေဆိုသည်မှာ...

ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားပါက ကုန်စည်စီးဆင်းမှုလမ်းကြောင်းများကို လျင်မြန်စွာဖော်ထုတ်နိုင်ရန်အတွက် ဆန်စပါး စသည်တို့၏ အရောင်းအဝယ်စသော မှတ်တမ်းများကို ရေးသားပြုစုခြင်း၊သိမ်းဆည်းထားခြင်းတို့ ပြုလုပ်ရန်နှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်များနှင့် သာမန်စားသုံးသူများထံ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးရန် တာဝန်သတ်မှတ်ထားပါသည်။




စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

## မှတ်တမ်း

# အရောင်းအဝယ်စသည့် မှတ်တမ်းများ ရေးသားပြုစုခြင်းနှင့် သိမ်းဆည်းထားခြင်း

ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများ(မှတ်ချက် 1) ကို ①အရောင်းအဝယ်ပြုလုပ်ခြင်း၊ ② လုပ်ငန်းနေရာများကြား နေရာရွှေ့ပြောင်းခြင်း၊ ③ စွန့်ပစ်ခြင်း စသည်တို့ကို ပြုလုပ်သည့်အခါ ထိုမှတ်တမ်းကို ရေးသားပြုစုပြီး၊ သိမ်းဆည်းထားပါ။

- စက္ကူ သို့မဟုတ် အီလက်ထရွန်းနစ် မီဒီယာ မည်သည်မဆို ရပါသည်။
- ထိန်းသိမ်းထားရမည့်ကာလမှာ အခြေခံစည်းမျဉ်းအနေဖြင့် 3နှစ်ဖြစ်သည်။




(မှတ်ချက် 1) ဤစနစ်တွင် အကျုံးဝင်သော ဆန်နှင့် ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
•ဆန်စပါး (ဆန်လုံးညို၊ ကြိတ်ခွဲထားသောဆန်ချော၊ ဇကာဖြင့်စစ်ထားသောဆန်ကွဲ စသည်)
•ဆန်မှုန့်နှင့် ဆန်ဖြင့်ပြုလုပ်သောတစေး ကဲ့သို့သော ကြားအဆင့်ကုန်ကြမ်းပစ္စည်းများ
•ချက်ပြုတ်ထားသောထမင်းများ၊ ကောက်ညှင်းဆန်မုန့်၊ ဆန်မုန့်လုံး **(Dango)**၊ ဆန်မုန့်ကြွပ်၊ ဂျပန်ဆန်အရက် **(Sake)**၊ ပေါင်းခံဆန်အရက် **(Shochu)**၊ ဆန်ဖြင့်ပြုလုပ်သော ဟင်းချက်ဝိုင် **(Mirin)**
အကျုံးဝင်သော လုပ်ငန်းရှင်များဆိုသည်မှာ သတ်မှတ်ထားသော ဆန်နှင့် ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများကို ရောင်းချခြင်း၊ တင်သွင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်း လုပ်ငန်းများကို လုပ်ကိုင်နေကြသော လူပုဂ္ဂိုလ်အားလုံး (စိုက်ပျိုးထုတ်လုပ်သူများ အပါအဝင်) ကို ဆိုလိုပါသည်။


## မှတ်တမ်းတင်ရမည့်ကိစ္စရပ်များ

**ပစ္စည်းအမည်၊ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသ (မှတ်ချက် 2)၊ အရေအတွက်၊ ရက်စွဲ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်အမည်၊ ပစ္စည်းအသွင်း/အထုတ်ပြုလုပ်သည့်နေရာ စသည်**

(မှတ်ချက် 2) မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသကို မှတ်တမ်းတင်ရာတွင် သတိပြုရမည့်အချက်များ
①"ပြည်တွင်းထုတ်" ၊ "○○နိုင်ငံထုတ်"၊ "○○ ခရိုင်ထုတ်" စသဖြင့် မှတ်တမ်းတင်ရန်။
②မူရင်းကုန်ကြမ်းပစ္စည်းတွင် ပါဝင်သည့် အလေးချိန်ပမာဏ အချိုးအစား များရာမှ နည်းရာသို့ အစဉ်လိုက် ရေးသားရန်။
③မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသမှာ 3 နိုင်ငံနှင့်အထက်ရှိပါက အများဆုံးအသုံးပြုသည့် 2 နိုင်ငံအထိသာ ရေးသားပြီး အခြားသော စိုက်ပျိုးထုတ်လုပ်သည့်ဒေသကို "အခြား" ဟု ရေးသားနိုင်သည်။
④ချက်ပြုတ်ထားသောထမင်းများ၊ ကောက်ညှင်းဆန်မုန့်၊ ဆန်မုန့်လုံး (Dango)၊ ဆန်မုန့်ကြွပ်၊ ဂျပန်ဆန်အရက် (Sake)၊ ပေါင်းခံဆန်အရက် (Shochu)၊ ဆန်ဖြင့်ပြုလုပ်သော ဟင်းချက်ဝိုင် (Mirin)များအတွက်မူ နောက်ဆုံးဖြစ်သည့် သာမန်စားသုံးသူအား ရောင်းချရန်သုံးသည့် ထည့်စရာများ၊ထုတ်ပိုးမှုများတွင် ထည့်သွင်းထုတ်ပိုးပြီး အဆိုပါ ထုတ်ပိုးထားသည့် အရာများတွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသကို အသေးစိတ် ရေးသားထားပါက ဘောက်ချာစသည်တို့တွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသကို ရေးသားရန် မလိုပါ။

**◆မှတ်တမ်းများကို ရေးသားပြုစုခြင်းနှင့် သိမ်းဆည်းထားခြင်းတို့ကို ပြုလုပ်မထားပါက ပြစ်ဒဏ်သတ်မှတ်ချက် (ဂျပန်ယန်း 5 သိန်းထက်မပိုသော ငွေဒဏ်) ချမှတ်ခြင်း ခံရမည် ဖြစ်ပါသည်။**

**အမှန်တကယ် အရောင်းအဝယ်ပြုလုပ်ရာတွင် အပြန်အလှန် အသုံးပြုသည့် ဘောက်ချာများ (စာရင်းစာအုပ်လည်း ရပါသည်) တွင် အောက်ဖော်ပြပါ အချက်အလက်များကို ရေးသားထားပါက ၎င်းတို့ကို သိမ်းဆည်းထားခြင်းဖြင့် မှတ်တမ်းတင်ခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးမြောက်ပါမည်။**



納　品　書（控）　売上　伝票 No,000000000

お客様コード 0000000

〒□□□-□□□□
東京都○○区○○-○○
株式会社　○○○○○○○　様
TEL:03-0000-0000 FAX:03-0000-0000
毎度ありがとうございます。下記のとおり納品いたします。

受注日○○年○○月○○日　納品日○○年○○月○○日
指図日○○年○○月○○日
納品先

| NO | 商品コード | 商品名・規格 | 数　量 | 単　価 | 金　額 |
|---|---|---|---|---|---|
| 1 | AXXXXX | ○○県産コシヒカリ（10kg） | 4 | xxxx | xxxxx |
| 2 | BXXXXX | ○○県産ほうれんそう M | 10 | xxx | xxxx |
| 3 | CXXXXX | ○○県産長ネギ AM | 5 | xxx | xxxx |
| 4 | DXXXXX | ○○県産ミニトマト M | 10 | xxx | xxxx |
| 5 | EXXXXX | ○○県産レタス LL | 20 | xxx | xxxx |
| 備考<br>指図 No, | | 計<br>合計<br>消費税等<br>総合計<br>納品重量計 | | | XXXXXX<br>XXXXXX<br>XXXX<br>XXXXXXXX<br>XX |

○○○○株式会社　○○本社
〒□□□-□□□□
東京都○○区○○-○○
担当者　××××
TEL：03-0000-0000
FAX：03-0000-0000

စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်းနစ် မီဒီယာဖြင့်ဖြစ်စေ မည်သည်မဆို ရပါသည်။ တစ်ဖန် ပစ္စည်းပေးပို့လွှာ (Delivery Order) သာမက ကုန်ပစ္စည်းသတ်မှတ်ချက်စာရွက် (Specifications)၊ စံချိန်စံညွှန်းစာရွက် (Standards) စသည်တို့တွင် ဖော်ပြထားခြင်း (သို့မဟုတ် ၎င်းတို့အားအား ပေါင်းစပ်ထားခြင်း အပါအဝင်) ဖြင့်လည်း ဆောင်ရွက်နိုင်ပါသည်။

**ရက်စွဲ- ပစ္စည်းအသွင်း/အထုတ် ပြုလုပ်ခဲ့သည့် နေ့**
(ခက်ခဲပါက အော်ဒါလက်ခံ/တင်သည့်နေ့ စသည်တို့လည်း ရပါသည်။)

**ပစ္စည်းအသွင်း/အထုတ်ပြုလုပ်သည့်နေရာ**
(စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်၏လိပ်စာနှင့် ကွဲပြားပါက ရေးသားရန်။)

**စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်၏လုပ်ငန်းအမည် သို့မဟုတ် လူပုဂ္ဂိုလ်အမည်**

**အရေအတွက်-** အရောင်းအဝယ်များတွင် ပုံမှန် အသုံးပြုနေသည့် ယူနစ်

**ပစ္စည်းအမည်-** အရောင်းအဝယ်ပြုလုပ်ရာတွင် ပုံမှန်အသုံးပြုနေသည့် အမည်

**မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသ-** "ပြည်တွင်းထုတ်" ၊ "○○နိုင်ငံထုတ်"၊ "○○ ခရိုင်ထုတ်"စသဖြင့် ရေးသားရန် (အထက်ပါ (မှတ်ချက် 2) ကို ကိုးကားပါ။)

စားသောက်ကုန်ဆိုင်ရာ မတော်တဆမှုများ ဖြစ်ပွားလာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် "ဆန်နှင့် ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများ" သာမက အခြားသော ကုန်ပစ္စည်းများအတွက်လည်း အရောင်းအဝယ်မှတ်တမ်းများ ရေးသားပြုစုခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို ပြုလုပ်ရန် မျှော်လင့်ပါသည်။ ( "ဆန်နှင့် ဆန်ဖြင့်ပြုလုပ်ထားသော ပစ္စည်းများ"အတွက်သာ တာဝန်သတ်မှတ်ထားပါသည်။)

ကုန်စည်လက်ခံချိန်ရှိ ဘောက်ချာတွင်မူ ဤကော်လံရှိ လုပ်ငန်းရှင်အမည်မှာ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်၏လုပ်ငန်းအမည်၊ လူပုဂ္ဂိုလ်အမည် ဖြစ်ပါသည်။



## အသိပေးခြင်း

# မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာ အချက်အလက်များ အသိပေးခြင်း

## လုပ်ငန်းရှင်များကြားတွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးခြင်း

ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများ(မှတ်ချက် 3) ကို အခြားလုပ်ငန်းရှင်ထံသို့ လွှဲပြောင်းပေးအပ်သည့်အခါ ဘောက်ချာစသည် (မှတ်ချက် 4) သို့မဟုတ် ထုတ်ကုန်ထည့်သည့် အရာများ၊ထုတ်ပိုးမှုများပေါ်တွင် ရေးသားခြင်းဖြင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသ(မှတ်ချက် 5)ဆိုင်ရာအချက်အလက်များကို အသိပေးရန် လိုအပ်သည်။

(မှတ်ချက် 3) အရောင်းအဝယ်စသည့် မှတ်တမ်းရှိ သတ်မှတ်ထားသည့် ပစ္စည်းအမျိုးအမည်နှင့် အတူတူပင် ဖြစ်သည်။ (သို့သော် တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းနှင့် ဘိုင်အိုအီသနော (Bio-ethanol) ထုတ်လုပ်ခြင်း စသည့် စားသုံးရန်မဟုတ်သော အခြားကိစ္စရပ်များအတွက် အသုံးပြုသည့် ပစ္စည်းများ မပါဝင်ပါ။)
(မှတ်ချက် 4)ဘောက်ချာစသည်- ဘောက်ချာများသာမက ပစ္စည်းပေးပို့လွှာ (Delivery Order)၊ ကုန်ပစ္စည်းသတ်မှတ်ချက်စာရွက် (Specifications) စသည်တို့တွင် ရေးသားဖော်ပြ၍လည်း ရပါသည်။
(မှတ်ချက် 5)မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသ- ဆန်အတွက်ဆိုလျှင် ၎င်းကိုစိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်ပြီး၊ ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအတွက်ဆိုလျှင် ၎င်းတွင် အသုံးပြုထားသော ကုန်ကြမ်းဆန် စိုက်ပျိုးထုတ်လုပ်သည့် ဒေသ ဖြစ်သည်။

**◆လုပ်ငန်းရှင်များအကြားတွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးအကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက ပြစ်ဒဏ်သတ်မှတ်ချက် (ဂျပန်ယန်း 5 သိန်းထက်မပိုသော ငွေဒဏ်) ချမှတ်ခြင်း ခံရမည် ဖြစ်ပါသည်။**

## သာမန်စားသုံးသူများထံ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးခြင်း

သာမန်စားသုံးသူများထံ ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများကို ရောင်းချသည့်အခါ ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေကို အခြေခံ၍ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးရန် လိုအပ်သည်။

သို့သော် စားသောက်ကုန်အမှတ်တံဆိပ်ကပ်ခြင်း ဥပဒေတွင် မူလကုန်ကြမ်း၊ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဖော်ပြရန် တာဝန်ရှိသည့် ဆန်လုံးညို၊ ကြိတ်ခွဲထားသော ဆန်ချော၊ ကောက်ညှင်းဆန်မှာ စားသောက်ကုန်အမှတ်တံဆိပ်ကပ်ခြင်း ဥပဒေနှင့်အညီ ယခုထိအတိုင်းပင် ဖော်ပြပါ(*)။

တစ်ဖန် စားသောက်ဆိုင်စသည် (ဟင်းလျာရောင်းချသည့် လုပ်ငန်းရှင်) တို့တွင်မူ ချက်ပြုတ်ထားသောထမင်းများကိုသာ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာ အချက်အလက်များကို အသိပေးရန် လိုအပ်သည်။


* အချို့သော ထုတ်ကုန်များအတွက်မူ စားသောက်ကုန်အမှတ်တံဆိပ်ကပ်ခြင်း ဥပဒေအပြင် ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေကို အခြေခံ၍ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာ အချက်အလက်များကို အသိပေးရန် လိုအပ်သည်။
အသေးစိတ်ကို အနီးအနားရှိ ဒေသဆိုင်ရာ စိုက်ပျိုးရေးစီမံခန့်ခွဲမှုရုံး သို့ ဆက်သွယ်စုံစမ်းပါ။

**◆သာမန်စားသုံးသူများထံသို့ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးအကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက အကြံပေးတိုက်တွန်းခြင်းနှင့် အမိန့်ထုတ်ပြန်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပြီး၊ အဆိုပါ အမိန့်ကို လိုက်နာခြင်းမရှိပါက ပြစ်ဒဏ်သတ်မှတ်ချက် (ဂျပန်ယန်း 5 သိန်းထက်မပိုသော ငွေဒဏ်) ကို ချမှတ်သွားမည် ဖြစ်ပါသည်။**

**စားသောက်ဆိုင်များတွင် သာမန်စားသုံးသူများအား မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးရန် နည်းလမ်းများ**

**ဆိုင်အတွင်း၌ မူရင်းစိုက်ပျိုး ထုတ်လုပ်သည့်ဒေသဆိုင်ရာ အချက်အလက်များကို ကပ်ထားခြင်း**





**မီနူးတွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာ အချက်အလက်များကို ရေးသားခြင်း**







**ဆိုင်အတွင်း၌ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသကို သိနိုင်သည့် နည်းလမ်းကို ကပ်ထားခြင်း**



